ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း( တတိယနှစ်စက်ဝန်း )

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ် ကံဆယ်ကျေးရွာ၊ ကြာအင်းကျေးရွာအုပ်စု

**မာတိကာ**

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။အစည်းအဝေးမှတ်တမ်းများ


၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရုဉ်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည်နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေလင်သစ်တော
ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ဧရာဝတီမြစ်
ဧရာဝတီကျွန်း
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံ့ခင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စုပြမြေပုံ




ကြာအင်းကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း**

ကြာအင်းကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ကြာအင်းကျေးရွာ

၂. ကြပ်ကွင်းကျေးရွာ

၃. သရက်တောကျေးရွာ

၄. ကိုးပင်ကျေးရွာ

**၅. ကံဆယ်ကျေးရွာ**

၆. ကြက်လျှာစွန်းကျေးရွာ

၇. ရှားဇီးဘို ကျေးရွာ

ကြာအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၇)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

# ကံဆယ်ကျေးရွာအခြေခံအချက်အလက်များ

ကံဆယ်ကျေးရွာသည် ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြာအင်းအုပ်စု တွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ အိမ်ခြေ (၂၃၀)ဖြင့် ဖွဲ့စည်းထားသော ကျေးရွာဖြစ်ပါသည်။ကြာအင်းအုပ်စု၏ ဗဟိုအဖြစ် ကံဆယ်ကျေးရွာကိုပင် သတ်မှတ်ထားပါသည်။ ကံဆယ်ကျေးရွာမှ ကြံခင်းမြို့သို့ (၁၂)မိုင်ဟု ခန့်မှန်းရပါသည်။

ကံဆယ်ကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း (၁၆၀)လောက်မှ တည်ခဲ့သည်ဟု ခန့်မှန်းရပါသည်။ ဥမ္မာဒန္တီခေတ်က တည်ရှိခဲ့သော တာကျိုးကန်အား ပြန်လည်ဖေါ်ခဲ့၍ ကန်ပေါက်ဟု အမည်တွင်ခဲ့ပါသည်။ထို့နောက် နောင်နှစ်ပေါင်းကြာလာသော အခါ အဆိုပါကန်အား ပြန်လည်ဆယ်ခဲ့သည်ကို အစွဲပြု၍ ကံဆယ်ဟု အမည်တွင်ခဲ့ပါသည်။ ရွာတည်ဟန်မှာ ရွာတန်းရှည် ပုံသဏ္ဍာန်ဖြစ်ပါသည်။ ကံဆယ်ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ခြားကန်၊ ကြက်လျှာစွန်းကျေးရွာနှင့် ဘက်ရဲမြို့တို့တည်ရှိပါသည်။အနောက်ဘက်တွင် မဲကြီးတောင်၊ ကြာအင်းကြီးကျေးရွာ၊ သရက်တောကျေးရွာ၊ ကိုးပင်ရွာများနှင့် ထိစပ်နေပါသည်။ မြောက်ဘက်တွင်ပုသိမ်-မုံရွာကားလမ်းမကြီးနှင့် ခုံကြီးကျေးရွာ တည်ရှိပါသည်။ တောင်ဘက်တွင် ရှားဇီး ဘိုကျေးရွာနှင့် မြို့တောင်လမ်း တည်ရှိပါသည်။ ရွာထိပ်တွင် ရိုးရှိပါသည်။

ကံဆယ်ကျေးရွာ၏ အဓိက စီးပွားရေးမှာ လယ်ယာနှင့် ကိုင်းဖြစ်ပါသည်။ လူမျိုးများမှာ ဗမာလူမျိုး ဖြစ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ကံဆယ်ကျေးရွာတွင် ရေတွင်း ရေကန်များရှိသော်လည်း ရေတွင်းအချို့မှာ ရေငံနှင့် ရေဝါများ ထွက်ရှိပါသည်။ နွေရာသီတွင် ရေကန်များခန်းခြောက်ချိန်တွင် မိုင်ဝက်ခန့်ဝေးသော ကွန်ချောင်းမှရေကိုသာ အားကိုးရပါသည်။ ကံဆယ်ကျေးရွာတွင် မူကြိုကျောင်း၊စေတီ၊ဘုန်းကြီးကျောင်းနှင့်ဓမ္မာရုံတို့ရှိပါသည်။ လျှပ်စစ်မီးရရှိ၍တစ်ချို့ပိုင်းများတွင်မရရှိသေးပါ။


ကံဆယ်ကျေးရွာသူ/သားများသည် မိမိတို့ကျေးရွာနှင့် ပတ်သက်၍ အိမ်မက်များ ရှိခဲ့ကြပါသည်။အခြေခံအဆောက်အဦးများလည်းပြည့်စုံစေချင်ကြပါသည်။ကံဆယ်ကျေးရွာသူကျေးရွာသားများသည် မိမိတို့ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အစဉ်ကြိုးစားနေသောသူများဖြစ်ကြပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 5.12.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 5 | 3 | 8 | - ဒေသတွင်း သဘာဝအရင်းမြစ်များ -လူမှုအဆောက်အဦးများ -ဘာသာရေးအဆောက်အဦးများ -လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 5.12.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 5 | 6 | 11 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 5.12.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 7 | 10 | 17 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး -အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး -ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 5.12.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 8 | 9 | 17 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 5.12.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 3 | 12 | 15 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး -အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 5.12.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 17 | 16 | 33 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 5.12.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 17 | 16 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။ -လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 5.12.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 17 | 16 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 5.12.2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 17 | 16 | 33 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့် - လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(က) လူမှုနှင့် သဘာဝအရင်းအမြစ်ပြပြေပုံ သုံးသပ်ချက်




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စားလုပ်သား များ ဖြစ်ကြသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- မိုးရာသီတွင် သောက်သုံးရေဖူလုံသော်လည်း နွေရာသီတွင် ရေရှားပါးသည်။
- သီးနှံစိုက်ပျိုးခြင်းများလုပ်ကိုင်ကြသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရွာတွင်းလမ်း
- ချောင်းကူတံတား
- ရွာချင်းဆက်လမ်း
- အစည်းအဝေးခန်းမ
- ဆေးပေးခန်း
- မူကြိုကျောင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး
    - စိုက်ပျိုးရေးအတွက်ချေးငွေ

**၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်





ရာသီခွင်ပြ ပြက္ခဒိန်

**<u>ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဂါးခုတ်၊ ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရရှိသည်။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူ ညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျား၊မရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စဝိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

## ၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သော ရပ်စု | တိုက်အိမ်၊ နွား ၅ကောင်၊ ဆိုင်ကယ်၊ ထွန်စက်၊ လယ် ၅၀ဧက၊ TV၊ ရေတင်စက်၊ ဝမ်းစာ ပြည့်စုံမှုရှိ၊ ကနားယူချိန် (၁၀) နာရီ | ၆၈ | ၃၁.၈ % |
| အသင့်အတင့် ရပ်စု | ပျဉ်ထောင်အိမ်၊ နွား ၃ကောင်၊ အပ်ချုပ်စက်၊ ဆိုင်ကယ်၊ TV၊ ဆောင်းကောက်၊ လယ် ၃၀ဧက၊ ဝမ်းစာဖူလုံမှု (၁၁) နှစ်လ၊ ကနားယူချိန် (၉) နာရီ | ၈၄ | ၃၉.၂ % |
| မပြေလည်သောရပ်စု | ပျဉ်ထောင်အိမ်ကလေး၊ နွား (၂)ကောင်၊ စက်ဘီး၊ ဆိုင်ကယ်၊ လယ် ၂၀ဧက၊ ဝမ်းစာဖူလုံမှု (၆)လသာ၊ ကနားယူချိန် (၇) နာရီ။ | ၄၉ | ၂၂.၉ % |
| နွမ်းပါးသော ရပ်စု | ဓနိအိမ် သက်ကယ်မိုး ထရံကာ ကြမ်းခင်း၊ နေ့စားလုပ်သားများ၊ ဝမ်းစာဖူလုံမှု မရှိ၊ ကနားယူချိန် (၆)နာရီ ပုံမှန်မရှိ။ | ၁၃ | ၆.၁ % |
| စုစုပေါင်း | | ၂၁၄ | ၁၀၀ % |


<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

**ဥစ္စာခနေကြွယ်ဂမ္ဘီရယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- ( ဂ )အဆင့် မပြေလည်သောအုပ်စုတွင် အိမ်ထောင်စု(၁၃) ပါဝင်သည်။
- မပြေလည်သောအကြောင်းအရင်းများမှာကျပန်းလုပ်ငန်းများလုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအားကျောင်းမထားနိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း စသည်တို့ကြောင့် ဖြစ်သည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၄င်းတို့၏လိုအပ်ချက်များကိုဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော်လုပ်ငန်း များတွင် ကျေးရွာလူထုနွမ်းပါးသူများဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကဦးဆောင်သည်။ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။ အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။

လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၄င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံ ရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကျောင်းကော်မတီ၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

## ၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်






အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းကို ဆွေးနွေးသုံးသပ်ခြင်း ဖြစ်သည်။
- အချုပ်စက်၊ မုန့်ကြိတ်စက် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

**၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(င) ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်




<u>ပင့်ကူအိမ်ကွန်ယက်</u>

**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်**


အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အလွန် အားနည်းသည်။ အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။ရှေးရိုးစွဲ အစဉ်အလာများနှင့် ပညာတတ်မြောက်မှု အားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ်ရာမှ ပါဝင် ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။

အချို့သော ကဏ္ဍများတွင် အမျိုးသားများ၏လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များ နှင့် ဆုံးဖြတ်ခွင့်များ မေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသား များ၏ နေရာပေးမှုလည်း လိုအပ် သည်။

ကျေးရွာတွင် အသိပညာပေး ဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများ တွင် အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၄င်းတို့အား လက်တွဲခေါ်ယူသင့်ပါသည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

ချောင်းကူးတံတား မကောင်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ သောက်သုံးရေရှားပါးခြင်း မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန် မီးသတ်ရေကန်မရှိခြင်း စသည်တို့ကို အမျိုးသားများက အဆိုပြုကြ သည်။

ချောင်းကူးရန်တံတား မရှိခြင်းကြောင့် ကျောင်းသားများ ကျောင်းသွားရန်ခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ လျှပ်စစ်မီး မရှိသောအခက်အခဲ စသည်တို့သည် အမျိုးသမီးများ ဖော်ထုတ်ခဲ့ ကြသော အခက်အခဲများ ဖြစ်သည်။ထို့အပြင် အမျိုးသမီးများသည် ရွာအရှေ့ပိုင်းတွင် ရေတူး၍ မရသဖြင့် နွေရာသီ ရေရှားပါးခြင်းကိုလဲ သုံးသပ်တင်ပြကြသည်။


ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။

အမျိုးသားများအဆိုပြုသော အခက်အခဲများနှင့် အမျိုးသမီးများ အဆိုပြုသော အခက်အခဲများ တူညီကြသည်။ အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏ အခက်အခဲများကို အမျိုးသားများထက် များစွာ ဖော်ထုတ် ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၎င်းတို့ကျေးရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ ကြသည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း




မျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများ အနေဖြင့် ၄င်းတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် တံတား ကောင်းမွန်ရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြသည်။ ထို့အပြင် ၄င်းတို့သည် ရွာချင်းဆက် လမ်းများ ကွန်ကရစ်လမ်းဖြစ်ရေး၊ ချောင်းကူးတံတား ဆောက်လုပ်နိုင်ရေး၊ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး၊ ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ၊တစ်ရွာလုံးလျှပ်စစ်မီးလင်းရေး စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ တစ်ရွာလုံးလျှပ်စစ်မီးလင်းနိုင်ရေး၊ အထက်တန်းကျောင်းဆောက် လုပ်နိုင်ရေး ရွာတွင် ချောင်းကူးတံတားဆောက်လုပ်နိုင်ရေးတို့ကို မျှော်မှန်းထားကြသည်။ထို့အပြင် အမျိုးသမီးများသည် ၄င်းတို့ကျေးရွာတွင် စုံလင်စွာရရှိနိုင်သောဈေးတန်းလေးရှိရန် မျှော်မှန်းထားကြ သည်။

အမျိုးသားနှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၄င်းတို့သည် အဓိကအားဖြင့် ချောင်းကူးတံတားပြုပြင်နိုင်ရန် မျှော်မှန်းထားကြသည်။ချောင်းကူးတံတား ပြုပြင်နိုင်ပါက ကျောင်းသားများလည်း သွားလာရေးအဆင်ပြေချောမွေ့နိုင်မည်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံမှ အဆင်ပြေချောမွေ့နိုင်မည်။

**၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်




ဦးစားပေးလုပ်ငန်းများ

**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

ကြာအင်းအုပ်စု၊ ကံဆယ်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ်ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံး ဖြစ်သော စာသင်ကျောင်း(တိုက်ကျောင်း) ဆောက်လုပ်ခြင်း လုပ်ငန်းအား ဦးစားပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံး ဖြစ်သော ဘက်စုံသုံးရေကန် ဆောက်လုပ်ခြင်း လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးဖြစ်သော ကျေးရွာအတွင်း ကွန်ကရစ်ခင်းခြင်း အားဦးစားပေး(၃)အဖြစ် လည်းကောင်း၊ စတုတ္ထ ဦးစားပေးအဖြစ် စာကြည့်တိုက် ဆောက်လုပ်ရန် ဦးစားပေး (၄)အဖြစ်လည်းကောင်း၊ ဦးစားပေး(၅)အဖြစ် ရွာအရှေ့ပိုင်း ရေတွင်းတူးရန်ကိုလည်း ကောင်း၊ဦးစားပေး(၆)အဖြစ်မီးသတ်ရေကန်တည်ဆောက်ရန်ကိုလည်းကောင်းအသီးသီးသတ်မှတ်ခဲ့ ကြပါသည်။-

အဓိက ဦးစားပေးလုပ်ငန်းမှာ စာသင်ကျောင်း တိုက်ကျောင်း ဆောက်လုပ်ရန် ဖြစ်သည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



ကော်မတီဝင်များစာရင်း

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ။ ကြာခင်း ကျေးရွာ ။ ကံဆပ် <၂၂.၉.၂၀၁၇>

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ဦးကြည်ရှင် | 9968842733 424493444 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်သင်းသင်းဦး | - | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဝင်းရှိ | 788837107 | |
| ၄ | | အဖွဲ့ဝင် | ဦးစိုးငြိမ်း | 264341257 | |
| ၅ | | အဖွဲ့ဝင် | ဒေါ်သန်း၂ဝင်း | 73874310 | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးထိုးရွှေ | [illegible]85535318 | |
| ၇ | | အဖွဲ့ဝင် | ဒေါ်လှဖိုးဦးဝသဦး | [illegible] | |
| ၈ | | အဖွဲ့ဝင် | ဦးခင်ဦး | - | |
| ၉ | လည်ပါတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ကြည်၂ဝေး | - | |
| ၁၀ | | အဖွဲ့ဝင် | ဦးအောင်မင်း | 961486794 | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ရီရီကျော် | 975784917 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးအောင်တင်ဝင်း | 790181614 | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဝင်းကြည် | - | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်သန်းခင် | 970764468 | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမင်းဇော်ဦး | 796984758 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ဂီဂီထွေး | 976582444 | |

တာဝန်ကျဝန်ထမ်းများ - ဦးစိုးသူလှအောင် ကျား ၇ / မ - ၈

ဒေါ်မြတ်နှင်းမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်၊* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး[illegible]မောင်ဦး | | ဦး [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ကြံခင်း | ကြာခင်း | ကံဆယ် |

ဧရာဝတီ

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၇၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၇၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈-၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၂ ; ကျား ၁၅ + ၈ +၂၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၃၁၄ | ၃၅၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၄၇ | ၃၁ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက် ဗလီ (၂)၃ | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ဂဝေ့ကျောက်

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------၅ မိနစ်----------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---၂၀၀၈ နာဂစ်မုန်တိုင်း

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မီးယငြိရေး ကော်မတီ (၂၀၁၅)

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးခင်မောင်ဦး

လက်မှတ် — နေ့စွဲ

လူထုစည်းရုံးရေးမှူး — အမည် ဦးခိုင်းသူရအောင်

လက်မှတ် — နေ့စွဲ

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၅.၁၂.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ကံဆည် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၁၂.၂၀၁၇ | ၅.၁၂.၂၀၁၇ | ၁၇ | ၁၆ | ၃၃ | ဗမာ ၃၃ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၁၂.၂၀၁၇ | ၅.၁၂.၂၀၁၇ | ၁၇ | ၁၆ | ၃၃ | ဗမာ ၃၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်ပုံကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစိုင်းသူရမောင် |
| နေ့စွဲ ၂၂.၉.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရှမ်းပြည် — ကွတ်ခိုင် မြို့နယ် — ကျေးရွာအုပ်စု ကွာအိုင် — ကျေးရွာ ကံဘော် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အမှောက်ပိုင်းရွာအဝင်လမ်း မကောင်းခြင်း | ၁ | ရွာအမှောက်ပိုင်းလမ်းအဝင်ဝတွင် မိုးကျသော် သွားလာရခက်ခဲခြင်း |
| ၂ | ကျေးရွာတွင်းလမ်းမကောင်းခြင်း | ၂ | မူလတန်းအသင်ကျောင်းပျက်စီးနေခြင်း |
| ၃ | ရေရှားပါးတွင်ရေအခက်အခဲရှိခြင်း | ၃ | ငွေကြေးမလုံလောက်သဖြင့်ဆိုလာတိုင်လေ မီးမသုံးစွဲနိုင်ခြင်း |
| ၄ | ငွေကြေးများကိုသာသုံးစွဲနေရခြင်း | ၄ | ဓါတ်ကြိုးအသင်းတစ်ဖက်ပျက်စီးနေ၍ ကားများဖြတ်သန်းသွားနေခြင်း |
| ၅ | ဓါတ်တားတော်ဖောက်ပျက်စီးနေခြင်း | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာမှာဆေးပေးခန်းရှိရမည်. | ၁ | မူကြိုကျောင်းရှိရမည်. |
| ၂ | ရေကျတန်း၊ အသွားအလာတန်း၊ ပေးရန်အတွက် လမ်းရှိရမည်. | ၂ | စာသင်ကျောင်းတိုက်ကျောင်းဖြစ်ရမည်. |
| ၃ | ဆိုလာတိုင်လေ လျှပ်စစ်မီးလင်းနိုင်ရမည် | ၃ | အထက်တန်းကျောင်းရှိရမည်. |
| ၄ | ကျေးရွာဘောလုံးကွင်းရှိရမည်. | ၄ | ရွာတွင်းကွန်ကရစ်လမ်းဖြစ်ရမည်. |
| ၅ | ကျေးရွာတွင်းလမ်း၊ တံတားများ ကောင်းမွန်ရမည်. | ၅ | ကံဘော်ရွာတွင်ရှိတိုင်းသုံးစွဲနိုင်သော ဈေးကွက်ရှိရမည်. |
| ၆ | နောင်ငါး ၁ နှစ်အတွင်းစာသင်ကျောင်း တိုက်ကျောင်းဖြစ်ရမည်. | ၆ | တစ်ရွာလုံးမီးလင်းနိုင်ရမည်. |
| ၇ | လမ်းဘေး၌ပန်းခြံရှိရမည်။ | ၇ | ကျေးရွာစာကြည့်တိုက်ရှိရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူလတန်းကျောင်းကို တိုက်ကျောင်းဆောက်ရန် | ကျား+မ | ၂၀၀သိန်း | ၆၇၃ |
| ၂ | ဘက်စုံသုံးရေကန်တည်ဆောက်ရန် | ကျား+မ | ၃၅သိန်း | ၆၇၃ |
| ၃ | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းရန် | ကျား | ၄၅၀သိန်း | ၆၇၃ |
| ၄ | စာကြည့်တိုက်ဆောက်ရန် | မ | ၅၀သိန်း | ၆၇၃ |
| ၅ | အားကစားကွင်းတွင် ရေတွင်းတူးရန် | ကျား | ၅၀သိန်း | ၆၇၃ |
| ၆ | မီးသတ်ရေကန်တည်ဆောက်ရန် | မ | ၂၅သိန်း | ၆၇၃ |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လမ်းဘေးနှင့်ပန်းခြံတည်ဆောက်ရန် | ကျား | |
| ၂ | ကျေးရွာဈေး[illegible] ပြုပြင်ရန် | ကျား | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးကြည်ဝင်း လက်မှတ် [signature] နေ့စွဲ ၁၁-၆-၂၀၁၇

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်း ၂၂

အပိုင်း-၃ ၊၉.၉.၂၀၁၅

**ပုံစံPC-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - မြတ်ဆုမွန် (TF) ၊ ဦးခိုင်သူရအောင် (CF) | | |
| နေ့စွဲ ၁၉.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ကျုံပျော် | ကျေးရွာအုပ်စု<br>ကြာအင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကြက်ပျောတွင်း | ကြက်ပျောတွင်း - ဘက်ရဲ ကုံးပေါက် | ၁၄'-၀" × ၈'-၀" × ၁၅'-၀" | ၃၇၅ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၇၄.၁ သိန်း | - | ၂၅.၉ သိန်း (ဘက်လက်ကျန်) | ၁၀၀ သိန်း |
| ကြပ်ကွင်း | ရွာဝင်ကုံးဆည် ကွန်ကရစ်ခင်း ဖြင့်နှင့် | ၂×၃၁'-၀" ၁၇'-၆"× ၀'-၉" ၃၁'-၀"×၁၆'-၀"×၀'-၉" | ၄၀၂ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၆၆.၅ သိန်း | - | | ၆၆.၅ သိန်း |
| | လမ်းချောင်း ကျောက်ခင်း ဖြင့် | ၆၀'×၁၄'-၀"×၀'-၉" | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့်အမျိုးသမီး | | | | |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း၊ ၂၀

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ရွာကြီးဘို | လမ်းပြုပြင်ခြင်း (ဟောင်းဟောင်း ကျောက်စီ၊ လမ်း မျှော်ကျောက်ခင်းခြင်း) | ၅၀၀'x ၁၄'-၆"x ၀'-၄" ၂၀၀x၁၄'-၆"x၀'-၇" | ၁၆၆၆ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၇၀.၅ ဒိနေ့ | ၅ ဒိနေ့ | | ၇၅.၅ ဒိနေ့ |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအောင်သန်းကျူး၊ ဒေါ်တင်ရာမျိုး

လက်မှတ် Aung ... ရက်စွဲ ၁၉.၁၀.၂၀၁၇

# <u>အစည်းအဝေးမှတ်တမ်း</u>

ကြံခင်းမြို့နယ်၊ ကြာအင်းအုပ်စု၊ကံဆယ်ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ကံဆယ်ကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၅.၁၂.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

***********************************************

**လူထုစည်းရုံးရေးမှူး**

# ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာအဝင်လမ်းဆင်းကျောက်ချောလမ်းခင်းရန်- | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ဘက်စုံသုံးရေကန် | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းရန် | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | စာကြည့်တိုက်ဆောက်ရန် | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးသင်တန်းများ | မ | ၂၀၁၇ | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | မူလတန်းကျောင်းပြုပြင်ရန် | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးသတ်ယဉ်များ | မ | ၂၀၁၇ | ကျေးရွာလူထု | |
| | ၂ | လမ်းဆုံပန်းခြံတည်ထောင်ရန် | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ကျေးရွာဈေးအသေးပြုလုပ်ရန် | ကျား | | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |